*J. Myanmar Acad. Arts Sci. 2022* **Vol. XX. No.2**

# ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် တောင်ရိုးမော်အေးခြင်း

**ဝင်းနိုင်ဦး***


## စာတမ်းအကျဉ်း

ဤသုတေသနစာတမ်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် တောင်ရိုးလူမျိုးများ၏ မော်အေးခြင်းကို စာပေရှုထောင့်ဖြင့် လေ့လာတင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များနှင့်ပတ်သက်သည့် ဖွင့်ဆိုချက်များ၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေ အနှစ်အမျိုးအစားများကို ဖော်ပြထားပါသည်။ ထို့နောက် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သော တောင်ရိုးမော်အေးခြင်းကို ဆက်လက်တင်ပြထားပါသည်။ အဆိုပါ မော်အေးခြင်းသည် တိမ်မြုပ်ပျောက်ကွယ်စပြုလာပြီ ဖြစ်ပါသည်။ မော်အေးသည့် မော်ဆရာ အချင်းချင်း ကြီးသူမှငယ်သူသို့ နှုတ်တိုက်လက်ဆင့်ကမ်း သင်ကြားပေးခြင်းသာ ရှိပါသည်။ မော်အေးခြင်းသည် စာဟောခြင်းတစ်မျိုးဖြစ်ပါသည်။ မော်အေးမည့် မော်ဆရာသည် မတ်တပ်ရပ်လျက် နှုတ်အသံဖြင့် သာမက ခြေဟန်လက်ဟန်တို့ဖြင့် နားထောင်သူ ပရိသတ်စိတ်ဝင်စားမှု ရှိစေရန်၊ ရသခံစားမှုရှိစေရန် သရုပ်ဆောင်ဟောပြောရပါသည်။ မော်အေးခြင်း အမျိုးအစားများစွာရှိပါသည်။ ဗုဒ္ဓဝင်နိပါတ်တော်လာ မော်အေးခြင်း၊ သမိုင်းရာဇဝင်လာ မော်အေးခြင်း၊ ဒဏ္ဍာရီပုံပြင်လာ မော်အေးခြင်းနှင့် မယ်ဘွဲ့မောင်ဘွဲ့ မော်အေးခြင်း တို့ဖြစ်ကြသည်။ အဆိုပါ တောင်ရိုးလူမျိုးများ၏ မော်အေးခြင်းနှင့်မော်စာတို့သည် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ ဖြစ်စေပါသည်။


**သော့ချက်ဝေါဟာရများ -** ဒြပ်မဲ့၊ ယဉ်ကျေးမှု၊ အမွေအနှစ်၊ တောင်ရိုး၊ မော်အေး။

## နိဒါန်း

ကမ္ဘာ့လူသားတို့သည် မိမိတို့ပတ်ဝန်းကျင်၌ရှိသော သဘာဝတရားတို့၏ ဖောက်ပြန်မှု၊ ရိုက်ခတ်မှုတို့ကို တုံ့ပြန်ရင်ဆိုင်နိုင်ရန်အတွက် စဉ်းစားတွေးခေါ်မှုများ၊ ဝေဖန်သုံးသပ်မှုများ ပြုလာကြသည်။ အဆိုပါ စဉ်းစားတွေးခေါ်ဝေဖန်သုံးသပ်မှုဖြင့် ရရှိလာသော ရလဒ်အပေါ် အခြေခံ၍ နှုတ် (အပြောစကား) ဖြင့်သော်လည်းကောင်း၊ ခြေလက်စသော ကိုယ်ခန္ဓာဖြင့်သော်လည်းကောင်း မိမိတို့၏ခံစားချက်များကို ဖော်ထုတ်ကြသည်။ အရာဝတ္ထုပစ္စည်းများကိုလည်း ဖန်တီးပြုလုပ်ကြသည်။ ထိုသို့ခံစားချက်များကို ဖော်ထုတ်ခြင်း၊ အရာဝတ္ထုပစ္စည်းများဖန်တီးပြုလုပ်ခြင်းတို့ကို မိမိတို့မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသည်။ ဤသို့ဖြင့်လူ့ယဉ်ကျေးမှုကြီး ပေါ်ပေါက်လာခဲ့သည်။ လူ့ယဉ်ကျေးမှုကြီးတွင် မိမိတို့၏ စဉ်းစားတွေးခေါ်မှုများ၊ ခံစားမှုများ၊ ယင်းတို့မှရရှိလာသော အသိပညာများ၊ အတတ်ပညာများကို လက်တွေ့ကျကျထုတ်ဖော်ပြသကြသည်။ ဤသို့ထုတ်ဖော်ပြသခြင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်သည်။ ထုတ်ဖော်ပြသခြင်းမှ ရရှိလာသော အရာဝတ္ထုပစ္စည်းများ၊ လူ့အသုံးအဆောင်များသည် ဒြပ်ရှိယဉ်ကျေးမှု ပစ္စည်းများဖြစ်သည်။ ထို့ကြောင့် ဒြပ်မဲ့ယဉ်ကျေးမှုသည် လူနှင့်တသားတည်းဖြစ်တည်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံသားတိုင်း၏ ကိုယ်ပိုင်ဒြပ်မဲ့ ယဉ်ကျေးမှုများရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာတိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ဒြပ်မဲ့ ယဉ်ကျေးမှုများရှိကြသည်။ မြန်မာတိုင်ရင်းသားလူမျိုးစု တစ်စုဖြစ်သော တောင်ရိုးလူမျိုးများ၏ ဒြပ်မဲ့ယဉ်ကျေးမှု

* တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ပုသိမ်တက္ကသိုလ်

အမွေအနှစ် တစ်ခုဖြစ်သည့် မော်အေးခြင်းသည် တိမ်မြုပ်ပျောက်ကွယ်စပြုလာပြီးဖြစ်သည်။ အဆိုပါ တောင်ရိုးလူမျိုးများ၏ မော်အေးခြင်းကို ကွင်းဆင်း လေ့လာမှုပြုခြင်း၊ စာပေမှတ်တမ်း တင်ခြင်းနှင့် လက်ဆင့်ကမ်းသင်ကြားပေးခြင်းတို့ဖြင့် ပြန်လည်ရှင်သန် ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်လျက်ရှိပါသည်။

## သုတေသနရည်ရွယ်ချက်

ဤသုတေသနစာတမ်းသည် တိမ်မြုပ်ပျောက်ကွယ်စပြုလာသော တောင်ရိုးမော်အေးခြင်းကို ပြန်လည် ရှင်သန်လာစေရန်၊ တောင်ရိုးမော်စာများသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းတွင် အထောက်အပံ့ဖြစ်စေရန်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များသည် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုသာမက ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အထောက်အပံ့ဖြစ်ကြောင်း သိရှိစေရန် ရည်ရွယ်ပါသည်။

## သုတေသနမျှော်မှန်းချက်နှင့်ရလဒ်

ဤသုတေသနစာတမ်းကြောင့် တိမ်မြုပ်ပျောက်ကွယ်စပြုလာသော တောင်ရိုးမော်အေးခြင်းများ ပြန်လည် ရှင်သန်လာစေမည်။ တောင်ရိုးမော်စာများသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်း တွင် အထောက်အပံ့ဖြစ်စေမည်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များသည် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ စာပေဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အထောက် အပံ့ ဖြစ်စေမည် ဖြစ်ပါသည်။

## ၁။ ဒြပ်မဲ့ယဉ်ကျေးမှု၏ သဘောသဘာဝနှင့် ဖွင့်ဆိုချက်များ

ဒြပ်မဲ့ယဉ်ကျေးမှုဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း တွေ့ရပါသည်။
အင်္ဂလိပ်-မြန်မာအဘိဓာန်တွင်

"Intengible (ဒြပ်မဲ့)

- မဖော်ပြတတ်သော၊ လက်ဆုပ်လက်ကိုင်မပြနိုင်သော၊ အထည်ကိုယ်ဒြပ်မရှိသော"

(အင်္ဂလိပ်-မြန်မာအဘိဓာန်၊ ၂၀၀၃၊ ၇၂၇)

ဟူ၍လည်းကောင်း၊

"Culture (ယဉ်ကျေးမှု)

- ထုံးတမ်းဓလေ့၊ ယဉ်ကျေးမှုအနုပညာစသည်များ"

(အင်္ဂလိပ်-မြန်မာအဘိဓာန်၊ ၂၀၀၃၊ ၃၂၉)

ဟူ၍လည်းကောင်း ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ဒြပ်မဲ့ယဉ်ကျေးမှုဆိုသည်မှာ မူရင်း အင်္ဂလိပ်ဘာသာစကားဖြစ်သည့် Intangible Culture ကို မြန်မာဘာသာစကားဖြင့် ဆီလျော်အောင် ဘာသာပြန်ထားခြင်းဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု၊ အတတ်ပညာပိုင်းဆိုင်ရာ ယဉ်ကျေးမှုဟုလည်း ဖွင့်ဆိုနိုင်ပါသည်။

ထို့ပြင် ဒြပ်မဲ့ယဉ်ကျေးမှုဆိုသည်မှာ လူ့အဖွဲ့အစည်းအုပ်စု၊ ပုဂ္ဂိုလ်တစ်ဦးဦးက ယင်းတို့၏ အမွေ အနှစ်အဖြစ် လက်ခံထားသည့် အစဉ်အလာအလေ့အထများ၊ ဖော်ပြချက်များ၊ စွမ်းရည်များ စသည်တို့နှင့် ဆက်စပ်ပေါင်းစည်းလျက်ရှိသော ကိရိယာတန်ဆာပလာများ၊ အရာဝတ္ထုများ၊ အသုံးအဆောင်များနှင့်

ယဉ်ကျေးမှုနေရာများကို ဆိုလိုသည်။ နယ်ပယ်အားဖြင့် အဓိက (၅) မျိုးခွဲ၍ သတ်မှတ်နိုင်သည်ဟု ယူနက်စကို၏ ၂၀၀၃ ကွန်ဗင်ရှင်းဖွင့်ဆိုချက်တွင် ဖော်ပြထားပါသည်။ အဆိုပါ နယ်ပယ် (၅) မျိုးမှာ-

(က) ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကားများ

ဤနယ်ပယ်တွင် ပုံပြင်များ၊ စကားထာများ၊ စကားပုံများ၊ ဒဏ္ဍာရီရာဇဝင်များ၊ ဘာသာစကားများ ပါဝင်သည်။

(ခ) ဖျော်ဖြေတင်ဆက်မှုအနုပညာများ

ဤနယ်ပယ်တွင် အဆို၊ အက၊ အရေး၊ အတီး၊ ကျေးလက်တေးသီချင်း၊ တူရိယာ တီးမှုတ်အသုံးပြုပုံများ၊ ရိုးရာပြဇာတ်များပါဝင်သည်။

(ဂ) လူမှုအစဉ်အလာအလေ့အထများ၊ ရိုးရာဓလေ့များနှင့် ပွဲတော်များ

ဤနယ်ပယ်တွင် ဘုရားပွဲ၊ အလှူပွဲများ၊ လက်ထပ်မင်္ဂလာပွဲများ၊ သာရေး၊ နာရေး အလေ့အထများ၊ ရိုးရာကစားနည်းများနှင့် အားကစားပွဲများ ပါဝင်သည်။

(ဃ) သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာဓလေ့များ

ဤနယ်ပယ်တွင် ဗေဒင်တွက်ခြင်း၊ လက္ခဏာကြည့်ခြင်း၊ နက္ခတ်တာရာ ကြည့်ခြင်း၊ အင်းကွက်ဆွဲခြင်း၊ စုပ်ထိုးခြင်း၊ လက်ဖွဲ့ချည်ခြင်း စသည်များ၊ ယုံကြည်ကိုးကွယ်မှု အစဉ်အလာနှင့် ဓလေ့များ၊ ရိုးရာအစားအသောက် ပြုလုပ် နည်းများ၊ ရိုးရာတိုင်းရင်းဆေး ဖော်စပ်နည်းနှင့် ကုသနည်းများ ပါဝင်သည်။

(င) ရိုးရာလက်မှုပညာရပ်များ

ဤနယ်ပယ်တွင် မြန်မာမှုပန်းဆယ်မျိုးအတတ်ပညာ၊ ရိုးရာယက္ကန်း ခတ်နည်း၊ ဂျပ်ခုတ်နည်း၊ တူရိယာပစ္စည်းများနှင့် ရိုးရာအသုံးအဆောင် ပစ္စည်းများပြုလုပ်ပုံ၊ အိုးလုပ်ငန်း၊ စဉ့်ထည်လုပ်ငန်းပြုလုပ်ပုံများ အပါအဝင် လက်မှုပညာရပ်နှင့် သက်ဆိုင် သော အရာများ ပါဝင်သည်

(ယူနက်စကို၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ၂၀၀၃)

အဆိုပါနယ်ပယ် (၅) ခုတွင်ပါဝင်သည့် အမျိုးအစားကဏ္ဍများသည် ကဏ္ဍတစ်ခုချင်းစီ သီးသန့် တည်ရှိ နေသကဲ့သို့ အခြားကဏ္ဍများ၌လည်း ရောနှောပါဝင်တည်ရှိကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ဤနယ်ပယ် (၅) မျိုးအနက် ဖျော်ဖြေတင်ဆက်မှုအနုပညာများကဏ္ဍတွင် ပါဝင်သော တောင်ရိုးလူမျိုး များ၏ မော်အေးခြင်းကို ဖော်ထုတ်တင်ပြသွားမည် ဖြစ်ပါသည်။

## ၂။ တောင်ရိုးလူမျိုး

တောင်ရိုးလူမျိုးများသည် "တိဗက်-မြန်မာအစုဝင် မြန်မာအစုခွဲ" တွင်ပါဝင်သည်။

(မြန်မာ့စွယ်စုံကျမ်း (အတွဲ-၅)၊ ၁၉၇၃၊ ၉၉)

တောင်ရိုးလူမျိုးတို့၏ စကားသံဖြင့် "တိုရု" ဟုခေါ်ကြသည်။ "တောင်ရိုးခေါ် တိုရု" တို့နေထိုင်ရာ အရပ် ဒေသသည် ရှမ်းပြည်နယ်တောင်ပိုင်း မြေလတ်ဒေသဖြစ်သည်။

(သန်းထွန်း၊ ဒေါက်တာ၊ ခေတ်ဟောင်းမြန်မာရာဇဝင်။ ၁၉၈၆၊ ၈၄)

(မြင့်မောင်၊ ဒါရိုက်တာ၊ ၁၉၈၆၊ ၁၈၁)

“တောင်ရိုးလူမျိုးများသည် တိဗက်-မြန်မာအစုဝင် မြန်မာအစုခွဲ တွင် ပါဝင်ပါသည်။ တောင်ရိုးလူမျိုးကို သူတို့၏စကားသံဖြင့် ‘တိုရု’ ဟုခေါ်ဝေါ်ကြသည်။ တောင်ရိုးခေါ် တိုရု တို့နေထိုင်ရာ အရပ်ဒေသသည် ရှမ်းပြည်နယ်တောင်ပိုင်း မြေလတ်ဒေသ ဖြစ်သည်။”

(ဖေမောင်တင် ၊ဦး၊ ဘာသာလောကကျမ်း၊ ၁၉၅၈၊ ၁၆)

“တောင်ရိုးလူမျိုးတို့သည် အခြားသော မြန်မာအနွယ်စုများဖြစ်သည့် မရူ၊ လရှီ၊ မိုင်းသာ၊ ဖွန်း၊ ခနူ၊ အင်းသား၊ ထားဝယ်၊ ရခိုင်လူမျိုးတို့နှင့်အတူ တရုတ်နိုင်ငံမြောက်ပိုင်း တိဗက်ဒေသတွင် နေထိုင်ခဲ့ကြ ရာမှ အေဒီ ၉ ရာစုတွင် ယူနန်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းကိုဖြတ်၍ မြန်မာပြည်တွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ မြန်မာပြည်တွင်းသို့ ရောက်ရှိသောအခါ ရခိုင်လူမျိုးတို့က မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် လည်းကောင်း၊ အင်း၊ ခနူ၊ တောင်ရိုး တို့က အရှေ့ဘက်တွင်လည်းကောင်း၊ မရူ၊ လရှီတို့က အထက်ပိုင်းတွင် လည်းကောင်း၊ ပျံ့နှံ့နေထိုင်လာကြသည်ကိုတွေ့ရသည်။ မြန်မာများမှာ ကျောက်ဆည်မှ နေ၍ လွင်ပြင် ဒေသများသို့ ပျံ့နှံ့ရောက်ရှိနေထိုင်လာကြသည်။”

(တိုင်းရင်းသားလူမျိုးများအရေး၊ ၁၉၇၁၊ ၃၃)

ထို့ကြောင့် တောင်ရိုးလူမျိုးတို့ပြောဆိုသော ဘာသာစကားများကို မြန်မာတို့သာမက ရခိုင်၊ ထားဝယ်၊ အင်းလူမျိုးတို့ကလည်း နည်းလည်ကြသည်။ ၁၉၆၆ ခုနှစ် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာပေ အသင်းမှ ထုတ်ဝေသော ရှမ်းပြည်လေ့လာရေးခရီးစဉ်စာတမ်း၌ တောင်ရိုးအစ ရခိုင်ကဟုဆိုစမှတ်ပြုကြ၍ ပုဂံခေတ်အနော်ရထာလက်ထက် ပေါက္ကံ၊ ဓညဝတီတိုက်ပွဲတွင် ရခိုင်များ အရေးနိမ့်သဖြင့် သုံ့ပန်းအဖြစ် ခေါ်ဆောင်လာပြီး ဤတောင်တန်းတောင်ရိုးတွင် ဤအဝတ်အစားဆင်ယင်ထုံးဖွဲ့မှုဖြင့် နေထိုင်ရမည်ဟု ပို့ထားခဲ့ရာမှ တောင်ရိုးလူမျိုးခေါ်တွင်လာသည်ဟုလည်း ရေးသားဖော်ပြထားပါသည်။ တောင်ရိုးလူမျိုး စကားတွင် ‘ရိုး’ ဟူသော စကားရှိသည်။ အဓိပ္ပာယ်မှာ “ဦးစီးဦးဆောင်မှုပြုသူ၊ သွားသူ” ဖြစ်သည်။ ဤသည်ကို ထောက်ရှု၍လည်း တောင်ရိုးတောင်တန်းတွင် ဦးစီးဦးဆောင်နေထိုင်သူများကို တောင်ရိုး လူမျိုးဟုခေါ်လာနိုင်ပါသည်။ တောင်ရိုးစကားနှင့်ရခိုင် စကားမှာလည်း အများအားဖြင့် တူညီမှုများ ရှိပါသည်။ တောင်ရိုးလူမျိုးနှင့် ရခိုင်လူမျိုးတို့တွင်လည်း ပုဂံခေတ်သုံး မြန်မာပေါရာဏ စကားများ၊ ဝေါဟာရများ ပါဝင်ပါသည်။ ယခုအခါတွင် တောင်ရိုးလူမျိုး အများစုနေထိုင်ရာဒေသမှာ ရှမ်းပြည်နယ် တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်ရှိ မြို့ရွာများ၊ အောင်ပန်းမြို့နယ်၊ ပင်းတယမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ရွာငံမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ဒေသများ၊ ယခင် ‘ဘော်နယ်” ဟုခေါ်သော ဟဲဟိုး၊ ဘော်ဆိုင်း၊ ဘော်နင်းသည့် ဒေသများတွင် ပျံ့နှံ့နေထိုင်လျက်ရှိပါသည်။ အင်းလေးကန်၏ တောင်ပေါ်တောင်တန်း တစ်လျှောက်နှင့် ရွာငံမြို့နယ် အရှေ့ဘက် ‘ရ” တောင်တန်းတစ်လျှောက်တွင် လည်း နေထိုင် ကြပါသည်။

## ၃။ မော်အေးခြင်း

မော်အေးခြင်းသည် “ရှမ်းဘာသာစကား ‘မော်ကွမ်းလုံ’မှတစ်ဆင့် ပွားလာကြောင်း အဆိုရှိပါသည်။ ‘မော်’ ၏ အဓိပ္ပာယ်မှာ “စကား၊စာ” ဖြစ်သည်။ ‘လုံ’ ၏ အဓိပ္ပာယ်မှာ “မြင့်မြတ်ခြင်း၊ ကြီးမားခြင်း၊ ကျယ်ပြောခြင်း” ဖြစ်သည်။ ထို့ကြောင့် "မော်ကွမ်းလုံ” သည် “စာကြီးပေကြီး၊ စာကောင်း ပေကောင်း များကို ကျွမ်းကျင်စွာ ဟောပြောနိုင်သူ” ဟူ၍လည်းကောင်း၊ ရှမ်းစကားမော်ကွမ်းလုံကို

အတိုချုံး၍ တောင်ရိုးတို့က 'မော်" တစ်လုံးတည်ယူသုံးမွေးစားခြင်းဖြင့် မော်သည် တောင်ရိုးပိုင် စကားဖြစ်လာသည်။"

(အောင်သိန်း၊ တက္ကသိုလ်၊ ၁၉၆၈)

ထို့ပြင် "ဗုဒ္ဓဝင်၊ ရာဇဝင်၊ သမိုင်း၊ ပုံပြင်များအတွင်း မောင်ဘွဲ့၊ မယ်ဘွဲ့များ၊ နိုင်ငံအကြောင်း၊ နယ်မြေအကြောင်း၊ တောတောင်ရေမြေအကြောင်း၊ နေလနက္ခတ်တို့အကြောင်းနှင့် တောင်ယာ လုပ်ငန်းခွင်များအကြောင်းစသည့် လူမှုရေး၊ နိုင်ငံရေး၊ ဘာသာသာသနာရေးတို့နှင့် ဆက်စပ်သည့် အကြောင်းအခြင်းအရာတို့ကို အသံတန်ဆာ၊ အနက်တန်ဆာ တို့ဖြင့် သီကုံးဖွဲ့ဆိုသော စာဟောခြင်း တစ်မျိုးဖြစ်သည်။ ယင်းကိုတောင်ရိုးစကားဖြင့် 'အေး' ဟုခေါ်သည်။ မော်အေးမည့် မော်ဆရာကစ၍ ဟောပြောသည်နှင့် 'အေး ...' ဟူသော အသံကို ရှည်ရှည်ဆွဲကာ မော်စာလင်္ကာကို သံနေသံထားဖြင့် ရွတ်ဆိုသည်။ ဤသို့ဖြင့် မော်အေးခြင်း (စာဟောခြင်း) ဟု ခေါ်တွင်လာခဲ့ပါသည်။"

(ခနုတောင်ရိုး၊ ၁၉၈၆၊ ၂၅၆)

ထို့ကြောင့် မော်အေးခြင်းဟူသည်

| | | | | | | |
|---|---|---|---|---|---|---|
| မော်အေးခြင်း | = | မော် | + | အေး | + | ခြင်း |
| | | (ရှမ်း) | | (တောင်ရိုး) | | (မြန်မာ) |
| | = | စကား/စာ | + | ဟောသည်/ပြောသည် | + | အကြောင်းအခြင်းအရာ |
| | = | စာဟောမည့်အကြောင်းအခြင်းအရာ။ | | | | |
| | | စကားပြောမည့်အကြောင်းအခြင်းအရာ။ | | | | |
| | | စာဟောခြင်း/စကားပြောခြင်း။ | | | | ဟု ဖွင့်ဆိုနိုင်ပါသည်။ |

## ၄။ မော်အေးပွဲကျင်းပပုံ

တောင်ရိုးလူမျိုးများ၏ မော်အေးခြင်း (စာဟောခြင်း)သည် မြန်မာမှုနယ်ပယ်တွင် ကွက်စိပ်ဟောဆရာ၏ စာဟောခြင်းနှင့်ပုံစံဆင်တူပါသည်။ မော်အေးမည့် မော်ဆရာသည် မိမိဟောပြောလိုသည့် အကြောင်းအရာကို နားထောင်သူ ပရိသတ်ဘက်သို့ မျက်နှာမူမတ်တပ်ရပ်လျက် ခြေဟန်၊ လက်ဟန်၊ ကိုယ်ဟန်ယိမ်းနွဲ့ ဘယ်ညာငဲ့၍ သံနေသံထားဖြင့် မော်စာလင်္ကာကို ရွတ်ဆို ဟောပြောပါသည်။ လူဆိုးအခန်းကို ဟောပြောပါက လူဆိုးဟန်ပန်၊ လူဆိုးအသံ၊ သူတော်ကောင်း အကြောင်းဟောပြောလျှင် သူတော်ကောင်းဟန်ပန်၊ သူတော်ကောင်းအသံ၊ မင်းသား၊ မင်းသမီးအကြောင်း ဟောပြောလျှင် မင်းသားမင်းသမီးတို့၏ဟန်၊ ဘုရင့်အကြောင်းဟောပြောလျှင် ဘုရင့်ဟန်ပန်၊ ဘုရင့်အသံ၊ သူဌေးခန်းတွင်လည်း သူဌေးဟန်စသည့် ဆိုင်ရာအခန်းအလိုက် သရုပ်ဆောင်ကာ ဟောပြောကြသည်။ လွမ်းခန်း၊ ဆွေးခန်း၊ အသောခန်းများတွင်လည်း သရုပ်ပါပါ၊ ဟန်ပါပါဖြင့် ပရိသတ်ကို ငိုအောင်ရယ်အောင် ဖန်တီး၍ ဟောပြောကြသည်။ နားထောင်သူများကလည်း ဆန်၊ ငှက်ပျောသီး၊ အလှူငွေတို့ဖြင့် ကန်တော့ပွဲပြင်ကာ ဆရာဂုဏ်တင်ပေးကြပါသည်။ ရှင်ပြုပွဲ၊ လက်ထပ်မင်္ဂလာပွဲ၊ နေ့ထူးနေ့မြတ်ပွဲ ကဲ့သို့သောပွဲများတွင် မော်ဆရာကို ပင့်ဖိတ်၍ မော်အေးပွဲများ ပြုလုပ်ကြသည်။ မော်အေးခြင်းကို ရှမ်းပြည်နယ်တောင်ပိုင်း ရှမ်း၊ ပအိုဝ်း၊ ခနုနှင့် တောင်ရိုးလူမျိုးတို့၏ ယဉ်ကျေးမှုများတွင် တွေ့ရှိရသည်။

**၅။ မော်အေးခြင်း အမျိုးအစားများ**

တောင်ရိုးလူမျိုးများ၏ မော်အေးခြင်းကို အမျိုးအစားအားဖြင့် အောက်ပါအတိုင်း လေ့လာတွေ့ ရှိရပါသည်။

(က) ဗုဒ္ဓဝင်နိပါတ်တော်လာ မော်အေးခြင်း

(ခ) သမိုင်းရာဇဝင်လာ မော်အေးခြင်း

(ဂ) ဒဏ္ဍာရီပုံပြင်လာ မော်အေးခြင်း

(ဃ) မောင်ဘွဲ့မယ်ဘွဲ့ မော်အေးခြင်း စသည်တို့ဖြစ်ကြပါသည်။

**၆။ ဗုဒ္ဓဝင်နိပါတ်တော်လာ 'ဘုရားလောင်းတောထွက်ခန်း'မော်အေးခြင်း**

တောင်ရိုးတိုင်းရင်းသားများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ ဘာသာတရားကိုင်းရှိုင်း ကြသည်။ ဝါတွင်းကာလဥပုသ်နေ့များနှင့် ရှင်ပြုပွဲကျင်းပကြသည့်အချိန်များတွင် မော်အေးတတ်သူ မော်ဆရာကို ပင့်ဖိတ်၍ မော်အေးခြင်း (မော်အေးပွဲ) များ ပြုလုပ်ကြသည်။ အထူးသဖြင့် ဥပုသ်သီတင်း နေ့များနှင့် ရှင်ပြုပွဲများတွင် ဘုရားလောင်းတောထွက်ခန်း မော်ကို သီကုံးဟောပြောလေ့ရှိပါသည်။ အဆိုပါ မော်ဟောစာမှာ-

"အေး ...၊ လွမ်းသာနက်လို့ (လွမ်းဖွယ်ကောင်းလို့)၊ တောထွက်ခန်းကို နားမငြီး၊ တို့အရီး၊ မျက်ပတယ် (မျက်ရည်) ယိုလာမယ်၊ တချွေးချွေးနန့် (တဖြည့်းဖြည်းနဲ့)၊ မျက်ပယ် (မျက်ရည်) ဆို့လို့၊ ငိုချင်လှ"

(ဦးဖိုးကွယ်၊ (မော်ကွယ်) ၅၆ နှစ်)

ဟု အစချီနိဒါန်းပျိုးပါသည်။ အဓိပ္ပာယ်မှာ "မြတ်စွာဘုရားအလောင်းတော် မင်းသား၏ တောထွက်ခန်းမှာ လွမ်းဖွယ်ကောင်းသဖြင့် နားထောင်သူများမှာ မျက်ရည်များ တဖြည်းဖြည်း နှင့် ကျဆင်းလာပြီး ငိုချင်လာပါလိမ့်မည်" ဟူ၍ ဖြစ်ပါသည်။ ထို့နောက် မော်ဆရာမှ ဆက်လက်၍ သီကုံး စပ်ဆိုပုံမှာ-

"အလှမင်းမျိုး၊ သူတောထွက်တယ်, နေဆယ် (နှစ်ဆယ်) ကိုး။ မင်းမျိုးစစ်လည်း၊ မင်းဖြစ်ပျင်းလို့ (မင်းပြုရန်ငြီးငွေ့)၊ သန်းခေါင်ညမှာ သာယာမ (အသာအယာ)၊ ထလေငြား (ထသွား)"

(ဦးဖိုးကွယ်၊ (မော်ကွယ်) ၅၆ နှစ်)

ဟူ၍ ဘုရားအလောင်းတော်မင်းသားသည် အသက် ၂၉ နှစ်အရောက်တွင် မင်းပြုရန် ငြီးငွေ့သဖြင့် သန်းခေါင်ယံအချိန်၌ အသာအယာထကာ တောထွက်ခဲ့ကြောင်း ဖွဲ့ဆိုပါသည်။ ထို့နောက် မော်ဆရာက-

"အများအိပ်မွေ့ (အိမ်ပျော်)၊ ပျိုတော်ပေါင်း၊ မောင်မတွေ၊ သူသေနယ်ပဲ (သူသေကဲ့သို့)၊ ပါးစပ်လျှာနဲ့ အာကိုထက်၊ ပေါင်ထွက်ဒူးပေါ်၊ ပင်ခွမြော်(မြင်)၊ တောင်ပေါ် (ကိုယ်ပေါ်) အဝပ် (အဝတ်) ချဲချုပ်(ဆွဲချွတ်)၊ အိပ်နေတုံးမဖုံးဖိ၊ မျက်စိကိုမှိတ်၊ လည်ပင်းစောင်း၊ ခေါင်းကိုငိုက်၊ သွားကိုက်တဖုံ၊ နှာခေါင်းတွံတယ် (ဟောက်သည်)၊ ဖုံသံဆိုး (ဟောက်သံဆိုး)။ ပိုးလိုးပက်လက်၊ အသက်မှုတ်တယ်၊ ဟိုဟာထွက်၊ ခြေလက်မ သိမ်းတိမ်းကယိမ်း၊ လုတ်တိုင်းအလား (သချိုင်း)၊ အိပ်လို့နေတယ် သူသေအလား၊ မြင်ငြားလေသော်"

(ဖိုးကွယ်၊ (မော်ကွယ်) ၅၆ နှစ်)

ဟု အလောင်းတော်မင်းသားတော်ထွက်ချိန်၌ အပျိုတော်များ မောင်းမတော်များမှာ ရုပ်ပျက်ဆင်းပျက်ဖြင့် အိပ်ပျော်နေပုံမှာ ကြည့်မကောင်းပါ။ သုသာန်သင်္ချိုင်းကဲ့သို့ ဖြစ်ပေါ်ကြောင်းကို မော်ဆရာ၏ ကျွမ်းကျင်ပိုင်နိုင်သော ကဗျာဉာဏ်၊ လက်ဟန်ခြေဟန်တို့ဖြင့် အသံတန်ဆာဆင်ကာ ဟောပြောပါသည်။ ဤသည်မှာ ဗုဒ္ဓဝင်နိပါတ်တော်လာ ဘုရားလောင်းတောထွက်ခန်း မော်အေးခြင်း ဖြစ်ပါသည်။

## ၇။ သမိုင်းရာဇဝင်လာ 'ပါတော်မူ' မော်အေးခြင်း

မြန်မာဘုရင်သီပေါမင်းကို နယ်ချဲ့အင်္ဂလိပ်ကုလားဖြူများ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသောအခါ မြန်မာပြည်သူများနှင့်အတူ တောင်ပေါ်တိုင်းရင်းသားများဖြစ် သည့် တောင်ရိုးလူမျိုးများကလည်း ယူကျုံးမရ ဝမ်းနည်းကြေကွဲမှု ဖြစ်ခဲ့ရသည်။ ဤသည်ကို "ပါတော်မူ" မော်အေးခြင်း အမှုပြု၍ နှုတ်ထက်အက္ခရာ တင်ခဲ့ကြသည်။ အဆိုပါ "ပါတော်မူမော်" မှာ-

> "အေး ... ရောသီတစ်ခါ၊ ခပ်သိမ်းသူနှင့် လူအများတို့၊ နားထောင်ပါ၊ ရာဇသေခင်၊ ဘုရင်မင်းမျိုး၊ ပိတ်ဖျင်ထူလို့၊ ထီးဖြူမိုး၊ မင်းရိုးနွယ်ဆက် မင်းတုန်းဖွားလေတယ် သားပန်းခက်၊ နှိပ်စက်ရန်သူ၊ တို့သခင်နှင့်ရှင်မင်းသားကို၊ ကုလားယူ၊ ဖမ်းသောနှစ်၊ သက္ကရာဇ်၊ သက္ကရာဇ်ကို မှတ်ထားကြဗျာ, ထောင့်နှစ်ရာ သာသည့်လေးဆယ် ဗေဒင်ခန်းနှင့်ဂဏန်းပြမယ်၊ အစသွယ်၊ စွန်းဝယ်ကိုပြု ခုနှစ်ခု၊ လုယူကုလား၊ ဒို့ရာဇနှင့် ဗမာမြို့ကို သူတို့စီးကြတယ်၊ ပြည်ကြီးသား၊ စော်ကားတိုက်ဖျက် အင်္ဂလိပ်က သူနှိပ်စက်..."
>
> (ဦးဖိုးကွယ်၊ (မော်ကွယ်) ၅၆ နှစ်)

ဟူ၍ နိဒါန်းအပိုဒ်တွင် ဖွဲ့နွဲ့သီဆိုခဲ့ပေသည်။ မင်းတုန်းမင်းမှဖွားသော သီပေါမင်းအရှင်သခင်ကို ၁၂၄၇ ခုနှစ်တွင် အင်္ဂလိပ် (ပြည်ကြီးသား) များက ဖမ်းယူသွားပြီးမြို့ပြကျေးရွာများကို စော်ကားတိုက်ဖျက် ပြည်သူအများကိုနှိပ်စက်ခဲ့ကြောင်း စပ်ဆိုထားပါသည်။

ဆက်လက်၍ မော်ဆရာက ဤသို့စပ်ဆိုပြန်ပါသည်။

> "ပြည်ပျက်ခန်းကို ဆန်းအောင်စိတ်ကူး၊ ကျုပ်ဆရာက ပညာထူး၊ စိတ်ကူးတိုင်းမှန်၊ ဥာဏ်ပဲ့နှင့်လောင်း၊ ရွှလုံးစီသနယ်၊ ညီတန်းကောင်း၊ လမ်းကြောင်းမှန်အောင် စံပြမယ်ဗျာ၊ အမွေ့လှနှင့် ဖဗေဒါ သူသာမင်းလုပ်၊ ဖမွေစံတယ်၊ ပြည်ငံအုပ်၊ မင်းလုပ် တော်မူ၊ ဒို့သခင်နှင့် ရှင်မင်းသားကို ကုလားယူ၊ နန်းသူပျိုထား၊ ရွှေလက်ရင်းနှင့် ရောင်ဆင်းရှိတယ် မိဖုရား-မယားလှနှင့် မောင်းမမိဿံ ပျိုတော်ပေါင်းနှင့် သောင်းသော်းညံ၊ တွင်းဝင်အစစ်၊ မိဖုရားနှင့်မယားလှကြောင့် ရန်စလိုက်၊ ရန်စလိုက်လို့ ရန်စပေါ်ရတယ်လေး"
>
> (ဦးဖိုးကွယ်၊ (မော်ကွယ်) ၅၆ နှစ်)

အခိပ္ပာယ်မှာ ကျုပ်မော်ဆရာကပြည်ဖျက်ခန်းကို စိတ်ကူးကောင်းကောင်းဖြင့် ရွှလုံးစီသကဲ့သို့ အစီအစဉ်တကျ ပြောပြပါမည်။ အမိအဖအမွေဖြစ်သော ရတနာပုံနေပြည်တော်ကို သားစဉ်မြေးဆက် သီပေါမင်းလက်ထက် အထိ အုပ်ချုပ်ခဲ့ပါပေ၏။ သို့သော် သီပေါမင်းထက် ပိုမိုလက်ဝါးစောင်းထက်သော အရောင်အဆင်း၊ အရှိန်အဝါ၊ သြဇာပိုမိုတောက်ပသော မိဖုရား တစ်ပါးလည်း ရှိပါသေးသည်။ ထိုမယားလှကြောင့် အင်္ဂလိပ်မျက်နှာဖြူတို့နှင့် ရန်စပြဿနာ ပေါ်သောအခါ အေးငြိမ်းသွားခြင်းမရှိဘဲ ကုလားဖြူလက်သို့ အရှင်သခင်ပါသွားရပါသည်။

ဆက်လက်၍မော်ဆရာက

"ကိုယ်ရုံလက်စွဲ၊ စစ်ကဲတခြား၊ မှူးမတ်တွေနှင့် ပညာချွန်တဲ့ ဝန်လေးပါး၊ မင်းသားရောရော သူခံစားလေတယ်။ များမကြာ ရှေးဝဋ်ပါလို့ ကြမ္မာနှိပ်နင်း၊ မကောင်းကျိုးကြောင့် ဂြိုလ်ဆိုးသွင်း၊ နဝင်းစန်းပြတ်စန်းနက္ခတ်၊ နဖူးရွက်မှာဇာတာ၊ တပဲ့မှာ မခံတတ်၊ နက္ခတ်ကညိုး၊ ကုလားဖြူနှင့် ရန်သူအပေါင်းတို့ မျက်စောင်းထိုး၊ အရိုးမဟုတ်၊ ပတိတ်ဖန်နှင့် လိမ်ဉာဏ်ထုတ်၊ ခရာမှုတ်တဲ့ လူရှုပ်ကုလား၊ တို့ပြည်မှာ ပညာရှိတယ် သတိထား။"

(ဦးဖိုးကွယ်၊ (မော်ကွယ်) ၅၆ နှစ်)

မော်ဆရာ၏ မော်အေးသံကို နားထောင်ရင်း အတိတ်သမိုင်းကြေးမုံပြင်ဆီသို့ တစ်ရွေ့ရွေ့ စိတ်စေစား ရောက်ရှိသွားစေပါသည်။ မော်ဆရာပြောချင်သည့်အကြောင်းအရာမှာ သီပေါမင်းအနီးတွင် ဝန်ကြီးမှူးမတ်များ စုံညီစွာရောက်ရှိခစားနေသည်ကို တွေ့ရပေသည်။ သို့သော် ဝန်ကြီးမှူးမတ်တို့၏ အတွင်းစိတ်၌ မူကား စည်းစည်းလုံးလုံးမရှိကြဘဲ ကိုယ်ထင်ရာကိုယ်လုပ် တစ်ဦး၏လုပ်ဆောင်ချက်ကို တစ်ဦးက မနာလို။ ရှင်ဘုရင်တွင် ဩဇာအာဏာမရှိ။ အချို့မှူးမတ်များမှာလည်း အရှင်တစ်ပါး၊ မင်းတစ်ပါးကဲ့သို့ နေကြ၏။ ထက်ထက်မြက်မြက် ရှိသော မင်းညီမင်းသားတစ်ချို့အသတ်ခံရမှုကြောင့် နန်းတွင်းရေးက ရှုတ်ထွေး လာသကဲ့သို့ ဇာတာစန်းလင် ညိုးလာသည့်အချိန် နယ်ချဲ့ကုလားဖြူများအပြင် အခြားသော ပြည်ပရန်သူတော်အပေါင်းတို့က မြန်မာနိုင်ငံကို မျက်စောင်းထိုး၍လာလေပြီ။ ခရာမှုတ်၍ လူစုပြီး မြန်မာနိုင်ငံကို သိမ်းယူဖို့ ကြံစည်ကြချေပြီ။ ကျွန်ုပ်တို့နိုင်ငံတော်အတွင်းမှာလည်း လက်နက်အင်အား သာ ကွာလျင်ကွာမည် နှလုံးရည်ပြည့်ဝသော ပညာရှိသူရဲကောင်းများ ရှိပါသေးသည်။ သတိသာထားပေတော့ ဟု အမိပ္ပာယ်ရပါသည်။

ထို့နောက်ဆက်လက်၍

"များများသူ့သူ့-စမွတွင်းထက်၊ ခြပလက်၊ ပရွက်နယ်၊ ပွက်ပွက်ဆူ၊ သူ့ဖက်သူနှင့် သူ့လူအားကြီး၊ မြစ်လယ်ခေါင်မှာ ရွှေဖောင်စီး၊ ခရီးရေလမ်း၊ တပ်ဗိုလ်ချီလို့၊ အောင်မြေနင်းကြမယ်၊ လူတင်းကြမ်း၊ ခဲယမ်းကလုံ၊ ပင်လယ်ကြောနှင့် သင်္ဘောထက်မှာ လက်နက်စုံ၊ ကြံပုံထုတ်လို့ အရှုပ်ဆောင်၊ ရွှေဖောင်ထက်ပါ၊ ဝတ်လဲသော်ငြား၊ ရှင်မင်းလက်မှာ အရာင်ထွက်လေတယ် သံလျက်ဓား၊ သံလျက်ဓားကို ထင်ရှားပြ၊ အို- အို့ လူကလေး၊ မင်းတို့ရာဇာ၊ ရွှေနန်းသာကိုပို့လာလေး၊ ဝေးဝေးနေကြ အလံဖြူကို ထူကာပြ"

(ဦးဖိုးကွယ်၊ (မော်ကွယ်) ၅၆ နှစ်)

ဟူ၍ ရွတ်ဆိုပြသွားပြန်ပါသည်။ မော်ဆရာပြောချင်သည့် အကြောင်းအရာမှာ များပြားလှသော အင်္ဂလိပ်စစ်သင်္ဘောများသည် ဧရာဝတီမြစ်ကြောင်းအတိုင်းလက်နက်ခဲယမ်း အပြည့်အစုံနှင့် တကယ် ချီတက် လာသောအခါ နန်းတွင်း၌ကား အယူအဆကွဲပြားလျက်ရှိ၏။ အချို့ဝန်ကြီးများက အညံ့မခံ၊ မြန်မာ့ဇာတိသွေး, ဇာတိမာန်ကိုပြသ၍ သူ့ကျွန်မခံ၊ သေသေကြေကြေ ခုခံတိုက်ခိုက်လိုသည်။ အချို့ဝန်ကြီးများမှာ အင်္ဂလိပ်တို့ဘက်၌ ခေတ်မီလက်နက်များအင်အားသာလွန် ကောင်းမွန် သောကြောင့် ခုခံတိုက်ခိုက်ခြင်းမပြုဘဲ ပြေပြေလည်လည်ညှိနှိုင်းသင့်ကြောင်းဖြင့် အယူအဆ နှစ်မျိုးကွဲပြားလျက်

ရှိပေသည်။ နယ်ချဲ့အင်္ဂလိပ်တို့ ဘက်ကလည်း ကလိမ်စေ့ငြိမ်းဆင်၍ မြန်မာတို့ကို မသမာသောနည်းဖြင့် ကျွန်ပြုရာတွင် ညောင်ရမ်းမင်းသားနှင့်တူသူတစ်ဦးကို သင်္ဘောဦးထက်တင်ကာ မင်းညီမင်းသား အဝတ်အစား ဝတ်ဆင်စေပြီး လက်ထဲတွင် သံလျက်စွဲကိုင်စေလျက်ညောင်ရမ်းမင်းသားအတုကို အစစ်ကဲ့သို့ ဟန်ဆောင်စေခဲ့၏။ ဤမင်းသားကို နန်းတင်ပေးပါမည်။ သူတို့ သင်္ဘောကို မတိုက်ခိုက် ကြပါနှင့် ခပ်ဝေးဝေးနေကြပါရန် အလံဝှေ့ကာ ရမ်းကာနှင့်ချီတက်လာချေ၏။ ၎င်းအပြင် လူသူလက်နက် အင်အား ခဲယမ်းမီးကျောက်တို့ကို လည်းအပြည့်အဝနှင့် အသင့်ပြင်ဆင် လာခဲ့ပေသည်။ နန်းတွင်းမှ အာဏာရှိသူ ဝန်ကြီးမှူးမတ်တစ်ချို့က ဤလုပ်ကြံထားသော “ညောင်ရမ်းမင်းသားကို နန်းတင်ပေးမည် ဆိုသော သတင်း” ကို အမှန်ဟုယုံကြည် လက်ခံကြပြီး ဧရာဝတီမြစ်ကြောင်းရှိ အင်္ဂလိပ် ရေတပ်အား ခုခံတိုက်ရန် အသင့်ရှိ နေသော မြန်မာခံတပ် အားလုံးသို့ယခုချီတက်လာသော အင်္ဂလိပ်များ ကို ခုခံတိုက်ခိုက်ခြင်းမပြုရန်၊ ဘုရင့်နန်းတော် အမိန့်တစ်ရပ်အနေဖြင့် ထုတ်ပြန် လိုက်ကြပေသည်ဟု အဓိပ္ပာယ်ရပါသည်။

ထို့နောက်မော်ဆရာက

> “မာလကသွား တင့်မရဲနှင့်လွဲရိုးလား - ကျားကြီးကိုယ်လောက်သေရလုအောင်ကြောက်-
> မော်လို့ မကြည့်တဲ့ဘူးလေး- သူဌေးသူကြွယ် မြုံးထငါးနယ် သနားစဖွယ်၊ မိမယ်ကိုတ၊
> ရင်ကိုမ၊ သွားကြဝေးဝေး၊ လွတ်ရာရှာလို့ တော်ရာပြေး၊ အထင်လွဲလို့ အကဲမခတ်
> နိုင်ပါဘူး၊ အေး- လေးမင်ဖိုလ်ခေါင်သာ အကျွန်ုပ်တောင်းမယ် လူပေါင်းလေး...”
>
> (ဦးဖိုးကွယ်၊ (မော်ကွယ်) ၅၆ နှစ်)

ဟု ရွတ်ဆိုပြခဲ့ပါသည်။ အဓိပ္ပာယ်မှာ ရွှေနန်းတော်ကြီး စီးမိသည့်အချိန်တွင် ညောင်ရမ်းမင်းသားကို နန်းတင်ပေးခြင်းမရှိဘဲ ဟန်ပြလူစားထိုး ခေါ်ဆောင်လဲ့ကြောင်း မြန်မာဝန်မင်းများ သိရှိခဲ့ရပေသည်။ ယင်းအချိန်သည် မြန်မာပြည်အဖို့ သေတွင်း နှုတ်ခမ်းဝသို့ ရောက်ရှိနေချေပြီ။ “ကျားရှေ့မှောက်လျက်လဲ” ဟူသကဲ့သို့ တုန်လှုပ်ချောက်ချား၍လည်း နေကြပြီဖြစ်ပါသည်။ သူဌေး၊ သူကြွယ်၊ ပြည်သူအများ တို့မှာလည်း “မြုံးထဲတွင်မိနေသော ငါးများကဲ့သို့” သနားစဖွယ် အမိ(အမလေး)တသူတ ရင်ကိုမသူမဖြင့် အမှန်တကယ် ပြည်ပျက်၍ သူ့ကျွန်ဘဝရောက်ခဲ့ရပုံမှာ ဖျောက်ဖျက်၍ မရသော အတိတ်သမိုင်းတစ်ခု ဖြစ်ပါပေသေည်။ စာဟောသူမော်ဆရာကတော့ ဤပြည်ပျက်ခန်းကို ဟောပြပြောပြရင်း မရှုမစိမ့် နိုင်သောကြောင့် နိဗ္ဗာန်-မင်ဖိုကိုသာ မြန်မြန်ရောက်ချင်ပါသည်။ နိဗ္ဗာန်ဆုကိုတောင်း ပါတော့မည်ဟု အဆုံးသတ်တင်ပြခဲ့ပါ တော့သည်။ အဆိုပါ “ပါတော်မူ” မော်ကို အလုပ်အားလပ်သည့် အချိန်၊ ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့ စသည့် အထိမ်းအမှတ်နေ့များ၌ မော်အေးတတ်သူ မော်ဆရာကို ဖိတ်ကြားကာ နားထောင်လေ့ရှိကြသည်။ ဤပါတော်မူမော်သည် သမိုင်းနောက်ခံမော်တစ်ပုဒ် ဖြစ်ပါသည်။ မော်ဆရာ၏ စိတ်ကူးကောင်းကောင်းနှင့် ကဗျာဉာဏ်ရည်ဉာဏ်သွေးဖြင့် ပေါင်းစပ်ကာ သဒ္ဒါလင်္ကာရအသံ တန်ဆာဆင်၍ ရွတ်ဆိုမှုကြောင့် အတ္ထာလင်္ကာရအနက်အဓိပ္ပာယ်ကိုပါ နားထောင် သူများအဖို့ ရရှိခံစားမိစေပါသည်။

**၈။ မယ်ဘွဲ့မော်အေးခြင်း**

တောင်ရိုးလူမျိုးတို့၏ မော်အေးခြင်း၌ တောင်ရိုးလူပျို၊ အပျိုတို့၏ ချစ်ရေးချစ်ရာ လွမ်းရေး၊ လွမ်းရာတို့နှင့် စပ်လျဉ်း၍ ခံစားချက်များကို ဖွင့်ဟထားသော "မယ်ဘွဲ့မောင်ဘွဲ့မော်များ" လည်း ပါဝင်ပါသည်။ ဤသည်ကို တောင်ရိုးတို့ " တမ်းချင်းဘွဲ့၊ လွမ်းချင်းဘွဲ့ အနုရိုးများ" ဟုလည်း ခေါ်သည်။ ယခုတင်ပြမည့် မယ်ဘွဲ့မော်မှာ တောင်ရိုးအပျိုတစ်ယောက်၏ အလှကို တင်စားပြီး ထိုအပျိုလေး၏ အချစ်ကို မျှော်လင့်စောင့်စားနေရသော တောင်ရိုးကိုလူပျို၏ မပြည့်စုံသည့်ဘဝကို ဖွဲ့ဆိုထားသည့် "တမ်းချင်းဘွဲ့အနုရိုးမော်" ဖြစ်ပါသည်။

> "အေး…၊ နေလုံးလှည့်၊ မိုချေဖက်က (ဂုဏ်မြင့်သူ)၊ ရှင်ပစ္စေး(ပစ္စည်းရှင်) ခုကားမောန့်မာ (မောင့်မှာ)၊ ဝတ်ပေါင်းဖိန (ဘောင်းဘီဖိနပ်)၊ အင်းဂျီပလပ် (အင်္ကျီညစ်ပတ်)၊ မတတ်သပေါ့ (မတတ်နိုင်)၊ မယ်နော့မောန့်မာ(မယ့်ရဲ့မောင်မှာ)၊ လျှာဖျားဆွတ်လို့၊ ကဝိုက်ဟော (လျှာဖျားကပြော)၊ မနောခမျာ (မောင့်မှာ)၊ ငိုလို့မရ၊ မိုးနာချုံးလို့ (မိုးရွာသလို)၊ အုံအင်တ (ငိုပြချင်)၊ လှလည်းလှလေ (မလှပေ)၊ မောန့်ကံဆိုးမို့ (မောင့်ကံဆိုးမို့)၊ ကြိုးလိုခွေ (နွမ်းခွေ)၊ ဆွေငွေမဆား (ရွှေငွေမရှား)၊ မယ်သာမို့ကျ်မာ (မယ်လေးဆီမှာ)၊ ဝိုက်ဖို့များ (ရှိဖို့များ)၊ ဒင်းဂါးပေါ်ပလ (ဘော်ငွေပြား)၊ ရင်ခေါင်းဆို့ နို့အုံပေါ်မှာ (ရင်ညွှန့်ထက်မှာ)၊ သိုးသိုးသွ (များပြား)"
>
> (ဦးဖိုးကွယ်၊ (မော်ကွယ်) ၅၆ နှစ်)

အဓိပ္ပာယ်မှာ "ဂုဏ်မြင့်သူပစ္စည်းရှင် သူဌေးမလေးရေ… မောင်ကတော့ ဘောင်းဘီဖိနပ် စုတ်ပြတ်သပ် ညစ်ပေတဲ့အင်္ကျီနဲ့ ဆင်းရဲသားပါ။ မင်းရဲ့မောင်က မတတ်နိုင်သူရယ်ပါ။ မင်းပြောတဲ့ စကားဟာ လျှာဖျားတင်လား၊ တကယ်လားကွယ်၊ မောင့်မှာတော့ ကံဆိုးသူမို့ အိပ်လို့မပျော်၊ နွမ်းခွေလို့နေပါရပြီ မိုးရွာချလိုက်သလို မင်းကိုငိုပြရင်တောင်မှ မင်းအချစ်က တုံ့ပြန်နိုင်ပါ့မလား ရင်ညွှန့်ထက်မှာ ဘော်ငွေပြား ဆင်မြန်းထားပါတဲ့ ရွှေငွေမရှား ပစ္စည်းရှင် သူဌေးမလေးရေ" ဟူ၍ ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဒြပ်မဲ့ယဉ်ကျေးမှုဟူသည် လူတို့၏ စိတ်ကူးဉာဏ်၊ လူတို့၏ ခံစားချက်များမှ ဖြစ်တည်လာသော ဖော်ပြချက်များ၊ လုပ်ဆောင်ချက်များ၊ ဖန်တီးချက်များဖြစ်ကြောင်း သိရသည်။ တစ်နည်းအားဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုများသည် လူတို့၏ နှလုံးသားခံစားချက်ကို စိတ်ကူးဉာဏ်နှင့်ယှဉ်၍ အကောင်အထည် ဖော်ထုတ်ပြသော အရာအားလုံး ပါဝင်ကြောင်းသိရသည်။ ထို့ပြင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တစ်ခုသည် ယူနက်စကို၏ ၂၀၀၃ ကွန်ဗင်းရှင်းပါသတ်မှတ်ချက်နယ်ပယ် ငါးခုတွင် တစ်ခုတည်း၌သာ တည်ရှိနေခြင်း မဟုတ်ဘဲ အခြားနယ်ပယ်များနှင့် ဆက်စပ်ပါဝင်နေကြောင်း လေ့လာသိရှိရပါသည်။ အဆိုပါဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းပါက ဆက်လက်ရှင်သန်နေမည် ဖြစ်ပြီး လက်ဆင့်ကမ်းထိန်းသိမ်းမှု အင်အားနည်းပါက တိမ်မြုပ်ပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ တောင်ရိုးလူမျိုးများ၏ မော်အေးခြင်းများသည် လက်ဆင့်ကမ်းထိန်းသိမ်းမှု အားနည်းသဖြင့် တိမ်မြုပ် ပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။ စာပေမှတ်တမ်းများဖြင့် ထိန်းသိမ်းသည့် အလေ့အထမရှိဘဲ ကြီးသူမှငယ်သူသို့ စာဟောမည့် (မော်အေးသူ) မော်ဆရာ အချင်းချင်း

နှုတ်တိုက်လက်ဆင့်ကမ်းသင်ကြားပေးခဲ့ခြင်း သာရှိခဲ့ကြသည်။ နှုတ်တိုက်သင်ကြားမှုမှ တစ်ဆင့် စာပေဖြင့် မှတ်တမ်းတင်နိုင်ပါက တောင်ရိုးလူမျိုးများအတွက်သာမက မြန်မာစာပေ၊ မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အတွက် များစွာတန်ဖိုးရှိလာမည်ဖြစ်ပါသည်။ ထို့ပြင် တောင်ရိုးမော်အေးခြင်းများ၌ ဗုဒ္ဓဝင်ဆိုင်ရာ အကြောင်းအရာများ၊ သမိုင်းရာဇဝင်ဆိုင်ရာ အကြောင်းအရာများ၌ နှံ့စပ်ကျွမ်းကျင်သော မော်ဆရာများ၏ အရည်အချင်းတစ်ရပ်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များသည် လူသားများ တစ်ဦးနှင့်တစ်ဦး အသိပညာဉာဏ်ဖလှယ်ခြင်း၊ ရင်းနှီးချစ်ခင်မှုရှိခြင်း၊ အချင်းချင်း စည်းလုံးညီညွတ်မှု ရှိစေခြင်းတို့ကို ရရှိနိုင်သည်သာမက နိုင်ငံနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် များစွာအထောက်အပံ့ ပြုနိုင်ကြောင်း သုံးသပ်မိပါသည်။

## နိဂုံး

မြန်မာနိုင်ငံသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါများကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်သည်။ နိုင်ငံအတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရန်လိုအပ်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံ အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကွင်းဆင်းလေ့လာခြင်း၊ မှတ်တမ်း တင်ခြင်း၊ စာရင်းပြုစုခြင်း၊ မှတ်ပုံတင်ခြင်းတို့ကို ဆောင်ရွက်ကာ ရှင်သန်ဆဲဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် များကို အားပေးကူညီခြင်း ပြုလုပ်ရမည်။ တိမ်မြုပ်ပျောက်ကွယ်လုဆဲ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် များကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်းအမွေအနှစ်အဖြစ် မျှဝေပေးခြင်းများ ပြုလုပ်ရန် လိုအပ်ပါသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များမှတစ်ဆင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေ အနှစ်အဆင့်အထိ တက်လှမ်းနိုင်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ မိမိနိုင်ငံ၊ မိမိလူမျိုး တို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ဤအချက်များကို အခြေခံလျက် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် တောင်ရိုးမော်အေးခြင်းကို လေ့လာ တင်ပြရခြင်းဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း

**တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများ** (ရှမ်း)၊ (၁၉၆၈)၊ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

**ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးသင်တန်း ပို့ချချက်များ။** (၂၀၁၈)။ အောက်တိုဘာ။ အမျိုးသားပြတိုက် (ရန်ကုန်)။

ဖေမောင်တင်၊ ဦး။ (၁၉၅၈)။ **ဘာသာလောကကျမ်း**။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

မြင့်မောင်၊ ဒါရိုက်တာ။ (၁၉၈၆)။ **ခနုတောင်ရိုး**။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၇၉)။ **မြန်မာအဘိဓာန်အကျဉ်းချုပ်**။ အတွဲ (၁)။ ရန်ကုန်။

**မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၅)**။ (၁၉၇၃)။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

သန်းထွန်း၊ ဒေါက်တာ။ (၁၉၈၆)။ **ခေတ်ဟောင်းမြန်မာရာဇဝင်။** ရန်ကုန်။ ကာယသုခပုံနှိပ်တိုက်။

**အင်္ဂလိပ် - မြန်မာအဘိဓာန်။** (၂၀၀၃)။ ရန်ကုန်။

အောင်သိန်း၊ တက္ကသိုလ်။ (၁၉၆၈)။ **တောင်ရိုးမော်ဆောင်ပါး။** ရန်ကုန်။ ရှုမဝမဂ္ဂဇင်း။

**ကွင်းဆင်းလေ့လာမှု**

- ၂၀၁၆ ခုနှစ်၊ မတ်လ ပထမအကြိမ်
- ၂၀၁၇ ခုနှစ်၊ မတ်လ ဒုတိယအကြိမ်
- ၂၀၁၇ ခုနှစ်၊ မတ်လ တတိယအကြိမ်

**ကွင်းဆင်းလေ့လာသည့်ဒေသ**

ရှမ်းပြည်နယ်တောင်ပိုင်း

ပင်လောင်းမြို့နယ်

ပင်းတယမြို့နယ်

ရွာငံမြို့နယ်

ပွေးလှမြို့နယ်

အောင်ပန်းမြို့နယ်

မြင်းကျဒိုးနယ်

ဘော်နယ်ဒေသများအတွင်းရှိ ကျေးရွာများ၌ တောင်ရိုးလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ကွင်းဆင်းလေ့လာသုတေသနပြုခဲ့ပါသည်။

**တွေ့ဆုံမေးမြန်းမှု**

- ဦးဖိုးကွယ်။ (၅၆) နှစ်။ (မော်ကွယ်-မော်ဆရာ)။ ပင်ခင်ကျေးရွာ၊ ပင်လောင်းမြို့နယ် (ပထမအကြိမ်နှင့် ဒုတိယအကြိမ် တွေ့ဆုံမေးမြန်းမှု)
- ဦးရဲကျော်။ (၃၅) နှစ်။ (မော်ရဲကျော်-မော်ဆရာ)။ ကျောက်ဆင့်ရွာသစ်ရွာ။ ပင်လောင်းမြို့နယ် (ပထမအကြိမ်နှင့် ဒုတိယအကြိမ် တွေ့ဆုံမေးမြန်းမှု)

**လေ့လာတွေ့ရှိချက်များ**

တောင်ရိုးလူမျိုးများ၏ မော်အေးခြင်းများကို အောက်ပါပွဲတော်များတွင် မော်အေးတတ်သူ မော် ဆရာအား ပင့်ဖိတ်၍ မော်အေးပွဲများကျင်းပပြုလုပ်ကြသည်။

(၁) ရှင်လောင်းပွဲများ

(၂) လဘက်တက်ပွဲ(ခေါ်)လက်ထပ်မင်္ဂလာပွဲများ

(၃) ဥပုသ်သီလပွဲများ

(၄) လွတ်လပ်ရေးနေ့ပွဲတော်

(၅) ပြည်ထောင်စုနေ့ပွဲတော်

(၆) တောင်ရိုးအမျိုးသားနေ့ပွဲတော်

**နောက်ဆက်တွဲမှတ်တမ်းပုံများ**

နောက်ဆက်တွဲ - က

## တောင်ရိုးလူမျိုးများ၏ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့ပုံများ













နောက်ဆက်တွဲ - ခ

**တောင်ရိုးလူမျိုးများ၏ ရိုးရာပွဲတော်များနှင့် ရိုးရာအကများ**









နောက်ဆက်တွဲ - ဂ

## တောင်ရိုးလူမျိုးများ၏ ”မော်အေးပွဲ“ကျင်းပပုံ



မော်ဆရာအတွက် ဉာဏ်ပူဇော်ကန်တော့ပွဲ



ဦးဖိုးကွယ် ၏ မော်အေးပုံ (မော်ဆရာ) မော်ကွယ် (ခ)



ကိုရဲကျော် ၏မော်အေးပုံ (မော်ဆရာ) မော်ကျော် (ခ)



မော်ဆရာအဖွဲ့နှင့် စာတမ်းရှင်